# Third Sunday of Lent - C

**1st READING:** ***Exodus 3: 1-8A, 13-15***

ထွက်မြောက်ရာကျမ်း ၃း၁–၈၊ ၁၃–၁၅

မောရှေသည်၊ မိမိယောက္ခမမိဒျန်ယဇ်ပုရောဟိတ်ယေသရော၏သိုးဆိတ်များကိုထိန်းစဉ်၊ တောနောက်ဘက်သို့ဆောင်သွား၍၊ ဟောရပ်အမည်ရှိသောဘုရားသခင်၏တောင်သို့ရောက်လေ၏။ ထိုအခါဘုရားသခင်၏ကောင်းကင်တမန်သည်ချုံထဲကထွက်သောမီးလျှံ၌ထင်ရှား၏။ မောရှေသည်ကြည့်သောအခါ၊မီးလောင်၍ချုံမကျွမ်းဘဲရှိသည်ကိုမြင်လျှင်၊ အဘယ်ကြောင့်ချုံမကျွမ်းဘဲရှိသနည်း။ ဤထူးဆန်းသောရူပါရုံကိုငါသွား၍ကြည့်ရှုမည်ဟုဆို၏။ မောရှေသွား၍ကြည့်ရှုကြောင်းကိုထာဝရဘုရားမြင်တော်မူလျှင်၊ မောရှေ၊ မောရှေဟုချုံထဲကခေါ်တော်မူ၏။ မောရှေကလည်း၊ အကျွန်ုပ်ရှိပါ၏ဟုလျှောက်လေ၏။ ဘုရားသခင်ကလည်း၊ မချဉ်းနှင့်။ သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသောအရပ်ကားသန့်ရှင်းသောမြေဖြစ်သည်ဟူ၍၎င်း၊ ငါသည်သင့်အဘ၏ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟူ၍၎င်းမိန့်တော်မူ၏။ မောရှေသည်ဘုရားသခင်ကိုမကြည့်ဝံ့၊ မိမိမျက်နှာကိုဖုံးလျက်နေ၏။ ထာဝရဘုရားကလည်း၊ အဲဂုတ္တုပြည်၌ရှိသောငါ၏လူတို့ခံရသောညှဉ်းဆဲခြင်းကိုငါစေ့စေ့မြင်ခဲ့ပြီ။ သူတို့ကိုစေခိုင်းသောသခင်တို့ကြောင့်သူတို့မြည်တမ်းသောအသံကိုလည်းငါကြားခဲ့ပြီ။ သူတို့နာကြည်းခြင်းဝေဒနာကိုငါသိ၏။ သူတို့ကိုအဲဂုတ္တုပြည်၊ အဲဂုတ္တုလူတို့လက်မှကယ်နှုတ်၍၊ ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ဖေရဇိလူ၊ ဟိဝိလူ၊ယေဗုသိလူတို့နေရာ၊နို့နှင့်ပျားရည်စီးတတ်သောပြည်သို့ပို့ဆောင်ခြင်းငှါငါဆင်းလာပြီ။ မောရှေကလည်း၊ အကျွန်ုပ်သည်ဣသရေလအမျိုးသားတို့ရှိရာသို့ရောက်၍၊ သင်တို့ဘိုးဘေးများ၏ဘုရားသခင်သည်ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူပြီဟုအကျွန်ုပ်ဆိုလျှင်၊ သူတို့က၊ ထိုဘုရားသခင်၏နာမတော်ကားအဘယ်သို့နည်းဟုအကျွန်ုပ်ကိုပြန်၍မေးသောအခါ၊ အဘယ်သို့ပြန်ပြောရပါမည်နည်းဟုဘုရားသခင်အားမေးလျှောက်လေ၏။ ဘုရားသခင်ကလည်း၊ငါဖြစ်သည်အတိုင်းငါဖြစ်၏ဟူ၍၎င်း၊ ငါဖြစ်သည်ဟုအမည်ရှိသောသူသည်၊ ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူပြီဟုဣသရေလအမျိုးသားတို့အားပြန်ပြောလော့ဟူ၍၎င်း၊ မောရှေအားမိန့်တော်မူ၏။ တဖန်ဘုရားသခင်က၊ သင်တို့ဘိုးဘေးများ၏ဘုရားသခင်၊အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားတည်းဟူသောထာဝရဘုရားသည်၊ ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူပြီဟုဣသရေလအမျိုးသားတို့အားပြောရမည်။ ထိုအမည်သည်အစဉ်ငါ့အမည်ဖြစ်၏။ လူမျိုးအစဉ်အဆက်မပြတ်ငါ့ဘွဲ့နာမဖြစ်၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms 103:1-2, 3-4, 6-7, 8,11
## ဆာလံကျမ်း ၁၀၃

**သံပြိုင်။** ။ ထာဝရဘုရားသည်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

**၁။** ။ အိုငါ့ဝိညာဉ်ထာဝရဘုရားအားချီးမွမ်းလော့။ ငါ၏အတွင်း၌ရှိသမျှတို့ကိုယ်တော်၏သန့်ရှင်းသောနာမတော်ကို ချီးမွမ်းလော့။ အိုငါ့ဝိညာဉ်ထာဝရဘုရားအားချီးမွမ်းလော့။ ကိုယ်တော်ပေးတော်မူသောကျေးဇူးအပေါင်းကိုမမေ့လျော့နှင့်။ **(သံပြိုင်)**

**၂။** ။ကိုယ်တော်သည်သင်၏အပြစ်ဒုစရိုက်များကိုအခွင့်လွှတ်တော်မူ၍သင်၏အနာရောဂါအားလုံးကိုပျောက်ကင်းစေတော်မူ၏။ ကိုယ်တော်သည်သင်၏အသက်ကိုအသူတစ်ရာနက်သောတွင်းကြီးထဲမှကယ်နှုတ်တော်မူ၍ခိုင်မြဲသောမေတ္တာကရုဏာတော်ဖြင့်သင့်ကိုချီးမြှင့်တော်မူပြီ။ **(သံပြိုင်)**

**၃။** ။ထာဝရဘုရားသည်ဖိနှိပ်ခြင်းခံသောသူအပေါင်းတို့အတွက်ဖြောင့်မတ်မှန်ကန်သောတရားစီရင်ခြင်းကိုပြုတော်မူ၏။ ကိုယ်တော်သည်မိမိ၏တရားလမ်းတော်တို့ကိုမိုးဇက်အားလည်းကောင်း၊အံ့ဖွယ်သောအမှုတော်တို့ကိုအစ္စရေးလ်လူမျိုးတို့အားလည်းကောင်းဖော်ပြတော်မူ၏။ **(သံပြိုင်)**

**၄။** ။ထာဝရဘုရားသည်သနားကြင်နာတော်မူသောကျေးဇူးပြုတော်မူသောစိတ်ရှည်သည်းခံတော်မူသော၊မေတ္တာတရားနှင့်ပြည့်ဝတော်မူသောအရှင်ဖြစ်တော်မူ၏။ ကောင်းကင်ယံတို့သည်ကမ္ဘာမြေကြီးအထက်တွင်မြင့်မားသည်နှင့်အမျှကိုယ်တော်ကိုကြောက်ရွံ့သူတို့အပေါ်ထားရှိသည့်ကိုယ်တော်၏မေတ္တာတော်သည်ကြီးမားတော်မူ၏။**(သံပြိုင်)**

## 2nd READING: *1COR 10: 1-6, 10-12*

ကော်ရင့်သုဩဝါဒပထမစာစောင် ၁၀း ၁–၆၊ ၁၀–၁၂

ညီအစ်ကိုတို့မိုးဇက်ဦးဆောင်သောငါတို့၏ဘိုးဘေးများသည်မိုးတိမ်၏အောက်တွင်ရှိခဲ့ကြ၍ပင်လယ်ကိုဘေးမဲ့လုံခြုံစွာဖြတ်သန်းခဲ့ကြ၏။ သူတို့သည်မိုးတိမ်နှင့်ပင်လယ်ထဲ၌မိုးဇက်၏တပည့်များအဖြစ်ဆေးကြောခြင်းမင်္ဂလာခံယူခဲ့ကြ၏။ သူတို့အားလုံးသည်ဝိညာဉ်နှင့်ဆိုင်သောအစာမန္နာမုံ့တစ်မျိုးတည်းကိုသာစားကြ၏။ သူတို့အားလုံးသည်ဝိညာဉ်အသက်အတွက်ရေတစ်မျိုးတည်းကိုသာသောက်ကြ၏။ သူတို့အားလုံးပင်မိမိတို့နှင့်အတူလိုက်ပါသောဝိညာဉ်ရေးဆိုင်ရာကျောက်ဆောင်မှရေကိုသောက်သုံးကြ၏။ ထိုကျောက်ဆောင်သည်ကားခရစ်တော်ပင်ဖြစ်သတည်း။ သို့ဖြစ်စေကာမူ၊များစွာသောထိုသူတို့ကိုဘုရားသခင်သည်နှစ်သက်တော်မမူချေ။ ထို့ကြောင့်သူတို့သည်တောကန္တာရတွင်အသက်ဆုံးရှုံးကျန်ခဲ့ကြ၏။ ထိုသူတို့ကဲ့သို့ငါတို့သည်မကောင်းမှုကိုစွဲလမ်းသူများဖြစ်မလာကြရန်ငါတို့အတွက်သတိပေးချက်သဖွယ်ဤအရာများသည်ဖြစ်ပျက်ခဲ့ကြ၏။ သင်တို့သည်ထိုသူအချို့တို့ကဲ့သို့ပြစ်တင်ညည်းတွားခြင်းမပြုသင့်။ သူတို့သည်ဖျက်ဆီးသောတမန်တော်၏လက်ချက်ဖြင့်ဖျက်ဆီးခြင်းခံခဲ့ကြရသည်။ ထိုသူတို့၌ဤသို့ဖြစ်ပျက်ရခြင်းမှာအခြားသူတို့ကိုသတိပေးခြင်းဖြစ်၏။ငါတို့သည်ကပ်ကမ္ဘာကုန်ဆုံးခါနီးအချိန်၌အသက်ရှင်နေကြရသူများဖြစ်သောကြောင့်ငါတို့အားသတိပေးရန်ထိုအကြောင်းအရာများကိုကျမ်းစာတွင်ရေးသားထားလျှက်ရှိ၏။ထို့ကြောင့်မိမိသည်ခိုင်မြဲစွာရပ်တည်နေသည်ဟုထင်မှတ်သောသူသည်မယိုင်မလဲစေရန်သတိပြုရ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## **GOSPEL:** ***Luke 13:1-9***

ရှင်လုကာဧဝံဂေလိကျမ်း ၁၃း ၁–၉

ထိုအချိန်၌အထံတော်ပါးမှာရှိကြသောအချို့သူတို့ကပိလာတုမင်းသည်ဂါလိလေနယ်သားအချို့တို့၏သွေးကိုထိုသူတို့၏ပူဇော်ခြင်းများနှင့်ရောနှောလျက်ပူဇော်ကြောင်းကိုကိုယ်တော်အားလျှောက်ကြ၏။ ကိုယ်တော်ကလည်းဂါလိလေနယ်သားတို့သည်ဤသို့အသတ်ခံရခြင်းကြောင့်အခြားသောဂါလိလေနယ်သားတို့ထက်သာ၍၊ အပြစ်ကြီးသူများဖြစ်ကြသည်ဟုသင်တို့ထင်မှတ်ကြသလော။ ဤကဲ့သို့မဟုတ်ဟုသင်တို့အားငါဆို၏။သို့သော်သင်တို့သည်နောင်တမရကြလျှင်သင်တို့အားလုံးသည်လည်းဤကဲ့သို့ပျက်စီးဆုံးရှုံးကြလိမ့်မည်။ ထိုနည်းတူပင်စီလွမ်မျှော်စင်ပြိုကျ၍သေဆုံးကြသောသူတစ်ဆယ့်ရှစ်ယောက်တို့သည်ဂျေရုဆလင်မြို့တွင်နေထိုင်ကြသောအခြားသူများထက်အပြစ်ကြီးသည်ဟုသင်တို့ထင်မှတ်ကြသလော။ ထိုသို့မဟုတ်ဟုသင်တို့အားငါဆို၏။ သို့သော်သင်တို့သည်နောင်တမရကြလျှင်သင်တို့အားလုံးသည်လည်းထိုကဲ့သို့ပျက်စီးရှုံးဆုံးကြလိမ့်မည်ဟုသူတို့အားပြန်ဖြေတော်မူ၏။ တစ်ဖန်ကိုယ်တော်သည်ဤပုံဥပမာကိုသူတို့အားမိန့်တော်မူ၏။ လူတစ်ယောက်သည်မိမိ၏စပျစ်ဥယျာဉ်ထဲတွင်သဖန်းပင်တစ်ပင်ကိုစိုက်ပျိုးထား၏။ သူသည်လာ၍သဖန်းပင်မှအသီးကိုရှာသော်လည်းမတွေ့ချေ။ ထိုအခါသူကငါသည်ဤသဖန်းပင်သို့လာ၍သဖန်းသီးရှာသည်မှာသုံးနှစ်ရှိလေပြီ။ သို့ရာတွင်အသီးတစ်လုံးကိုမျှမတွေ့ရသဖြင့်ဤသဖန်းပင်ကိုခုတ်ပစ်လော့။ အဘယ်ကြောင့်မြေပေါ်တွင်အကျိုးမဲ့နေရာယူစေမည်နည်းဟုစပျစ်ဥယျာဉ်လုပ်သားအားဆိုလေ၏၏။ ထိုသူကလည်းဤအပင်ကိုဤတစ်နှစ်ထားပါရစေ။ ကျွန်တော်သည်အပင်ပတ်လည်၌တွင်းတူးဆွ၍မြေဩဇာထည့်ပါမည်။ နောင်နှစ်တွင်အသီးသီးကောင်းသီးပါလိမ့်မည်။ အကယ်၍အသီးမသီးခဲ့ပါလျှင်ခုတ်ပစ်ပါဟုအပင်ရှင်အားပြန်ပြောသည်ဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်။